# ပွင့်ဦး

သန်းဆွေ







ဂီတနက်သန်-ကိုစောညိန်း

(၁၉၂၅-၁၉၅၂)

မြင်းခြံမြို့နယ်၊ နွားထိုးကြီးအပိုင် ရွာသာယာ၌ မွေးဖွား ခဲ့သည်။

ကိုစောညိန်းသည် ကာတွန်းဆရာ၊ ပန်းချီဆရာ၊ သတင်းစာ ဆရာ၊ စာရေးဆရာ တဦးလည်း ဖြစ်သည်။ (၁၉၃၈-၃၉)နှစ်၊ ကာတွန်း ရုပ်စုံခေတ်မှစ၍ သမာဓိ သတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်တို့ တွင် ရေးသားခဲ့သည်။

၁၉၅၀-ခုနှစ်က ဆန်းသစ်စ ကာလပေါ်အပျော်တမ်းအဖွဲ့မှ ''ဝသန်ခါဦး'' သီချင်းရေးသားပြီး ဂီတလောက၌ ထင်ရှားလာခဲ့သူ ဖြစ် သည်။

စံပယ်၊ သစ္စာ၊ စိန်၊ မိုးသက်လေနှင်၊ ပွင့်ဦး၊ နွေနှောင်း ဝသန်၊ ချစ်ပြုံးနှင်းဆီ၊ ဝဏ္ဏပဘာဟူ၍ အပါအဝင် သီချင်း ပေါင်း ၃၇-ပုဒ် ရေး သားခဲ့သည်။

ညီဖြစ်သူ ကိုလှဝေ ရန်ဖြစ်လာရာမှ ကိုစောညိန်း ဝင်ရောက် ဖျန်ဖြေယင်း ထိခိုက်ဒဏ်ရာရလျက် ကွယ်လွန်ရှာခဲ့သည်။ ကိုစောညိန်း ကွယ်လွန်ချိန်တွင် သူ၏ အသက်မှာ ၂၇-နှစ်သာ ရှိသေးသည်။



စာရေးဆရာ-သန်းဆွေ

(၁၉၂၆-၁၉၆၄)

ဆရာသန်းဆွေသည် စစ်ပြီးခေတ်တွင် ထင်ရှားလာသော... စာရေးဆရာ တဦးဖြစ်သည်။

''ချစ်ကြွေးမပြေ'' အမည်ရှိ ဝတ္ထုရှည်ကြီးဖြင့် စတင်နာမည်ကြီး လာသည့် အလွမ်းစာရေးဆရာ တဦးလည်း ဖြစ်သည်။

သတင်းစာ ဆရာဘဝ၊ စာရေးဆရာဘဝများ၌ ကျင်လည်ခဲ့ယင်း ဂီတပညာကိုပါ မြတ်နိုးလေ့လာသူ တဦးဖြစ်ရာ... ထိုခေတ်က ဂီတ လောက၌ နာမည်ကြီးလှသည့် ''ဂီတနက်သန် ကိုစောညိန်း''နှင့် ရင်းနှီးသူ ဖြစ်၏ ။

''ပွင့်ဦး'' သည် ဂီတနက်သန် ကိုစောညိန်း၏ နာမည်ကြီး သီချင်းတပုဒ်ကို မူတည်၍ ရေးဖွဲ့ထားသော တကယ့်အဖြစ်အပျက်များ သာ ဖြစ်ပါသည်။

စာရေးဆရာ သန်းဆွေသည် ၁၉၆၄-ခု ဧပြီလ ၁၄-ရက်နေ့တွင် အင်းလျားကန်၌ ရေနစ်၍ သေဆုံးခဲ့ရရှာသည်။ ကွယ်လွန်ချိန်တွင် ၃၈-နှစ်သာ ရှိသေးသည်။

ဤ႐ုပ်ထု၀တ္တုတွင်...ဂီတနက်သန် ကိုစောညိန်း၏ ''အချစ်ဒသဃန သစ်''
ခံစားမှုအား ဆရာသန်းဆွေက... ဖွဲ့နွဲ့ထားသည်ကို ဖော်ပြလိုက် ပါကြောင်း...

ပွင့်ဦး

တယောဆရာလေး ကိုစောနိုင်နှင့် ကျွန်တော့်အား စာရေးဆရာ ကိုဘုန်းကြွယ်က မိတ်ဆက်ပေးခဲ့လေသည်။

ထိုစဉ်က ကိုစောနိုင်အား တယောဆရာ ဂီတသမား အဖြစ်နှင့် မသိခဲ့ရ။ ဆင်းရဲခြင်း အထပ်ထပ် ရစ်ပတ်ဝန်းရံလျက်ရှိ သော မြန်မာစာရေးဆရာလောကကို ဝင်ရောက်ရန် လက်လှမ်းနေ သူ တစ်ဦးအနေဖြင့် သိခဲ့ရလေသည်။ ကျွန်တော့်မှာမူ စာပဒေသာ မဂ္ဂဇင်းကို အောင်မြင်၊ တင့်တယ်တို့နှင့် တွဲဖက်၍ လုပ်ကိုင်နေချိန် ဖြစ်လေသည်။ အလုပ်အားလပ်ချိန်များတွင် ရောဂါသည် ကိုဘုန်း ကြွယ်ထံ အလည်အပတ်သွားယင်း ကိုဘုန်းကြွယ်နှင့် ထွေရာလေး ပါး စကားလက်ဆုံကျတတ်သည်။ ကိုစောနိုင်မှာ ကိုဘုန်းကြွယ်နှင့် အတူနေထိုင်သူ ဖြစ်သဖြင့် ကိုစောနိုင်နှင့်လည်း ဆုံကြရပေသည်။

သို့နှင့် တစ်နေ့တွင် ဂီတအကြောင်း စကားစပ်မိတော့မှ ကိုစောနိုင်မှာ တယောသက် ဆယ်နှစ်ခန့်ရှိသော တယောဆရာ တစ်ဦးမှန်း သိရလေသည်။ တယောသာမက အခြားတူရိယာများ ကိုလည်း အသင့်အတင့် တီးမှုတ်တတ်သူ ဖြစ်ကြောင်းကို ကိုဘုန်း ကြွယ်က ပြောပြ၍ သိခဲ့ရလေသည်။ ကျွန်တော်၏ တောင်းပန်ချက် ကြောင့် သူ၏ တယောသံကို ကြားရတော့သည်။

သူ့ တယောသံကား ပျော့လှသည်။ နွဲ့လှသည်။ ချွဲလှသည်။ ငိုသံပါနေပါသည်။ အဆိုတော် မိန်းကလေးထံမှ အလွမ်းဇာတ်တစ် ခုကို နားထောင်နေရသည်နှင့် တူလှပေသည်။ သူ၏ သီချင်းဆိုသံမှာ လည်း သူ့တယောသံကဲ့သို့ပင် ပျော့လှသည်။ နုလှသည်။ ချွဲလှသည်။ အေးလှသည်။ သူ့တယောသံနှင့် သီချင်းသံကို ကြားရစက ကျွန် တော့်မှာ ဝမ်းနည်းသလို၊ ငိုချင်သလိုလို ဖြစ်ခဲ့မိ၏ ။

နောက်တစ်ကြိမ် ကိုဘုန်းကြွယ်ထံသို့ သွားသောအခါတွင် ကား

ကိုစောနိုင်တစ်ယောက် သူ၏ မိဘများထံသို့ ပြန်သွားကြောင်း သိရလေတော့သည်။ သူသည် မပြန်မီ လူသိနည်းသော ဝတ္ထုတစ်ပုဒ် ကို ရေးသား ထုတ်ဝေခဲ့ရှာပေသည်။

''ကိုစောနိုင်တော့ စာပေလောကကို စိတ်ပျက်တာနဲ့ လစ် သွားတာ ထင်ပါရဲ့ဗျာ၊ ဟုတ်လား ကိုဘုန်းကြွယ်...''

''ဟုတ်မှာပါပဲ''

''ကိုယ့်လူက တယောထိုး အတော်ကောင်းတာပဲ။ တယော ဆရာလုပ်ယင် ထမင်းစားလောက်လျက်သားနဲ့ ဘာဖြစ်လို့ မလုပ် ပါလိမ့်''

''တစ်ခါက ပြဇာတ်တစ်ခုမှာ ဝင်လုပ်ဖူးသေးတယ်။ ဒါပေ မယ့် ခက်တာက သူက ဂီတလိုက်စားတာမှာ ပညာတစ်ရပ်အနေနဲ့ လိုက်စားပေမယ့် ကြေးစားသမားအဖြစ်နဲ့ မခံယူဘူး''

''သြော်...သြော်...''

''နောက်ပြီး ဒီလူက ပန်းချီလည်း အတော်အတန်ဆွဲနိုင် တာပဲ။ ပန်းချီသင်တန်းတွေ ဘာတွေလည်း တက်ခဲ့တယ်''

''စမ်းကြည့်ဖို့ ကောင်းတယ်''

''စမ်းတော့ ဝင်စမ်းတာပဲ။ ဒါပေမယ့် ခက်တယ် ကိုသန်း ဆွေ။ အနုပညာသမား၊ စာပေ ပန်းချီ ဂီတသမားတွေဟာ မသေရုံ နေနိုင်တာကလွဲလို့ စီးပွားဖြစ် လုပ်ကိုင်နိုင်ဖို့ အတော်ခဲယဉ်းတယ်။ ဒီတော့ ဒီလောကထဲကို တော်ရုံတန်ရုံဟာ မဝင်နိုင်ဘူးပေါ့''

''ကိုစောနိုင်လည်း စိတ်ပျက်နေပြီ ထင်ပါရဲ့''

''ဟုတ်ချင်မှ ဟုတ်မှာဗျ။ ဒီလူက ဇွဲတော့ကြီးတယ်။ သူလုပ် ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တယ်။ နောက်ဆုတ်တတ်တဲ့ လူမျိုးတော့ မဟုတ်ဘူး''

ကိုဘုန်းကြွယ်ကား ယခုမရှိတော့ပြီ။

ကိုဘုန်းကြွယ် သေပြီးနောက်တွင်မှ ကိုစောနိုင်နှင့် ကျွန် တော်မှာ ရင်းနှီးစွာ ပေါင်းသင်းမိကြလေတော့သည်။ ကိုစောနိုင်နှင့် နောက်တစ်ကြိမ် တွေ့ချိန်ကား ကိုစောနိုင်မှာ ဂီတသမားသက် သက် ဖြစ်နေသည်ကို တွေ့ရပေတော့သည်။ ဂီတဖြင့် ငွေမရှာသေး ဘဲ အခြား လုပ်ငန်းတစ်ခုကို လုပ်နေသော်လည်း ဂီတကို ပို၍ အရေးထားလေသည်။ လုပ်ငန်းချိန် အခြားမဲ့၍ ကျန်နေသော အချိန်တို့တွင် တူရိယာ တစ်ခုကို အခန့်သင့်သလို တီးမှုတ်နေတတ် ပေသည် သီချင်းများကိုလည်း စပ်ဟပ်သီကုံးနေတတ်လေသည်။

တစ်ခါတစ်ရံ ကျွန်တော်နှင့်အတူ စာပေ ဂီတအကြောင်းမှစ၍ လောကရေးရာ အဖြာဖြာတို့ကို ဆွေးနွေးတတ်ကြပေသည်။

ကျွန်တော်သည် သူ့အား တစ်နေ့ထက်တစ်နေ့ ခင်မင်လာ သည်နှင့်အမျှ သူ့ဘဝကိုလည်း စိတ်ဝင်စားလာမိတော့သည်။ သူ၏ ကြေကွဲဖွယ်ရာ သီချင်းများကို ဆိုရင်း နားထောင်ရင်း တိမ်မြုပ်နေခဲ့ ပြီဖြစ်သော သူ၏ အတိတ်ကာလကို မှန်းဆကြည့်မိလေသည်။ သူ၏ အတိတ်ဖြစ်စဉ်ကို မေးလိုလှသော်လည်း ရင်တွင်းရှိ စိတ်မချမ်းသာ မှုကို အနိုင်နိုင် ဖိနှိပ်ထားရဟန်တူသော သူ၏ အမူအရာကြောင့် မေးလိုသည့်စကားကိုပင် မမေးရက်ခဲ့ပေ။

လူတစ်ယောက်၏ ချစ်ဇာတ်လမ်းကို သူ့အလိုလိုပြောမ လာဘဲနှင့် မေးမြန်းစုံစမ်းရသည်ဆိုခြင်းမှာ ကျွန်တော့်အဖို့ မလွယ် ကူလှပေ။ ထိုအချစ်ဇာတ်လမ်းမှာ ကြေကွဲဖွယ်ရာ ဖြစ်ပေလိမ့်မည်။

တွေးမိသည့်ဇာတ်မျိုးဆိုပါက သာ၍ ပင် အမေးရခက်လေသည်။

သို့သော် တစ်နေ့တွင် ကိုစောနိုင်သည် သူ၏ ချစ်ဇာတ် လမ်းကို ဖော်ပြလျက်ရှိသော သီချင်းတစ်ပုဒ်ကို စပ်ခဲ့ရာ သူ၏ ဇာတ် လမ်းကို ကျွန်တော့်အား ပြောပြလေသည်။

သီချင်း၏ အမည်ကို ''ပွင့်ဦး'' ဟူ၍ မှည့်ခေါ်ထားလေ သည်။